# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

သတ္တမနေ့ အစည်းအဝေး**မှတ်တမ်း အနှစ်ချုပ်**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် )**

**[သောကြာနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော်** သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကတန်ကျွန်းပတ်လမ်း (၄၄ မိုင် ၅ ဖာလုံ)အနက်မှ ကတ္တရာလမ်းခင်းပြီး ကျန်ရှိသော ကျောက်ခင်းလမ်းပိုင်း (၂၁မိုင် ၁ ဖာလုံ)ကို ၁၈ ပေ အကျယ်ကွန်ကရစ်လမ်း ပြုလုပ်ဆောင်ရွက်ပေးရန်နှင့် ကျွန်းစုမြို့၏ တစ်လမ်းတည်းသာရှိသော အဓိကလမ်းမကြီး တစ်မိုင်အား မြို့နယ်စည်ပင် သာယာရေးထံမှ လွှဲပြောင်းရယူကာ (ပေ ၁၀၀)လမ်းအဖြစ် တိုးချဲ့ ပြင်ဆင်ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ်(၄၇၃.၇၅၀)သန်း ဖြင့်(၁/၄)မိုင်အရှည် ကျောက်လမ်းအား(၁၈)ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသဖြင့် ယခု ဘဏ္ဍာနှစ်အကုန်တွင် ကတ္တရာလမ်း (၂၃)မိုင် (၆)ဖာလုံခင်းပြီးဖြစ်ကာ ကျောက်လမ်းမှာ (၂၀)မိုင် (၇)ဖာလုံ ကျန်ရှိမှာ ဖြစ်ပါကြောင်း၊ ကျန်ရှိတဲ့ကျောက်ခင်းလမ်းပိုင်း(၂၀)မိုင်(၇)ဖာလုံအတွက်၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးရန်ပုံငွေ တင်ပြတောင်းခံသွားမှာဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားပါသည်။

( ခ ) ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **မွန်ပြည်နယ်၊ ရေးမြို့နှင့်ကျောင်းရွာ ကျေးရွာအကြား ဆက်သွယ်ထားသည့် ကတ္တရာလမ်းကို ပြင်ဆင် ထိန်းသိမ်းပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ရေး - ကျောင်းရွာလမ်း အရှည်(၈)မိုင်အနက်

နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် အရှည်(၇)မိုင် (၆)ဖာလုံ လမ်းပိုင်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည့် ဧရိယာအတွင်းရှိ ကျုံးလောင်း ရွာသစ်အပိုင်း (၂)ဖာလုံ၏ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွင်း အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားပါသည်။

(ဂ) ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ - ဒလ - တွံတေး - ကော့မှူး - ကွမ်းခြံကုန်း - ဒေးဒရဲ လမ်းပိုင်းကို BOT စနစ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဇေကမ္ဘာ ကုမ္ပဏီတို့ ချုပ်ဆိုထားသော စာချုပ်ပါ အချက်အလက်များအတိုင်း ဆောင်ရွက်ထားမှု မရှိသည့်ကိစ္စ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ကုမ္ပဏီ၏ ဆောင်ရွက်ချက်နှင့်ပတ်သက်၍ ပြည်သူများက မလိုလားဘူးဆိုလျှင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများမှ အားကိုးသော ပြည်သူ့ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းပြီးတော့ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ မည်သို့သော အခြေအနေမျိုးမှာမဆို ပြည်သူတွေကိုသာ မျက်မှောက်ပြုအဓိက အလေးထားဆောင်ရွက်သွားရမှာ ဖြစ်သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဒေးဒရဲမြို့တွင်ရှိသော ကိုယ်စားလှယ်ကြီးများနှင့်အတူ ပူးပေါင်း၍ ပြည်သူများကျေနပ်သည့် လမ်းများဖြစ်သည်အထိ ဇေကမ္ဘာကုမ္ပဏီကို အတူတကွ ပူးပေါင်းကြပ်မတ် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားပါသည်။

**ဥပဒေကြမ်း(၂)ခု ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း**

၃။ စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးပါသည်။

၄။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးပါသည်။

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေကြမ်း(၂)ခု ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ပါသည်။

၆။ အစည်းအဝေးကို ၁၁း၀၅ နာရီ အချိန်တွင် ရပ်နားပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အဌမနေ့အစည်းအဝေးကို ၂၉-၁-၂၀၁၈ ရက်နေ့(တနင်္လာနေ့)တွင် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**